Mr. Diijon DaCosta, Sr., ဘုတ်အဖွဲ့ ဥက္ကဋ္ဌ
Mrs. Deirdre P. Pierce, ဒု ဥက္ကဋ္ဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

နိုဝင်ဘာလ 11 ရက်၊ 2024

# Georgia ၏ သင်္ချာ နှင့် စာပေ ဘာသာရပ်များတွင် ခေါင်းဆောင်များအဖြစ် ဂုဏ်ပြုခံရသော စာသင်ကျောင်း 40 အား ဦးညွှတ်ဂုဏ်ပြုပေးခဲ့သည့် DeKalb ကောင်တီ

(STONE MOUNTAIN, GA)— DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) အနေနှင့် ၎င်း၏ စာသင်ကျောင်း ကျောင်းပေါင်း 40 သည် 2023-2024 ကျောင်းပညာသင်နှစ်၏ သင်္ချာဘာသာရပ် ခေါင်းဆောင်များ နှင့် စာပေဘာသာရပ် ခေါင်းဆောင်များအဖြစ် Georgia ပညာရေးဌာနထံမှ အသိအမှတ်ပြုခံရသည့်အပေါ် ဂုဏ်ယူစွာဖြင့် ထုတ်ပြန်ကြေငြာလိုက်ပါသည်။ ဤဂုဏ်သရေရှိလှသော ဂုဏ်ပြုဆုသည် သင်္ချာဘာသာရပ် နှင့် စာပေဘာသာရပ်များတွင် ကျောင်းသားများ အောင်မြင်မှုရှိစေရန်အတွက် ခရိုင်၏ ပညာရေးပိုင်း အကောင်းဆုံးစွမ်းဆောင်နိုင်မှု နှင့် နှစ်မြှုပ်အားထုတ်မှု ကတိကဝတ်ပြုချက်များကို ပေါ်လွင်ထင်ရှားစေခဲ့သည်။

"သင်္ချာနဲ့ စာပေ ဘာသာရပ် ခေါင်းဆောင်တွေအဖြစ် အသိအမှတ်ပြုခံရတဲ့ ကျွန်ုပ်တို့ စာသင်ကျောင်း ကျောင်းပေါင်း 40 အတွက် ကျွန်ုပ်တို့ တကယ်ကို ဂုဏ်ယူမိပါတယ်၊" ဟု DCSD ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton မှ ပြောကြားခဲ့သည်။ "ဒီအောင်မြင်မှုတွေဟာဆိုရင် ကျွန်ုပ်တို့ ကျောင်းသားတွေရဲ့ ကြိုးစားမှု၊ ကျွန်ုပ်တို့ ပညာရေးဝန်ထမ်းတွေနဲ့ စီမံအုပ်ချုပ်သူတွေရဲ့ နှစ်မြှုပ်အားထုတ်မှု၊ ဒီ့အပြင် ကျွန်ုပ်တို့ မိသားစုတွေနဲ့ ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာတွေရဲ့ သာမန်ထက်သာလွန်စွာ ပံ့ပိုးထောက်ပံ့ပေးမှု အစရှိတာတွေကို ရောင်ပြန်ထင်ဟပ်နေပါတယ်။

"ဒီအရေးပါလှတဲ့ မှတ်တိုင်တွေကို လျှောက်လှမ်း၊ ကျင်းပဆင်နွှဲရင်း တစ်ဖက်မှာလည်း ဂရိတ်အတန်း အားလုံးမှာ ကျောင်းသားတွေ ပိုမိုပြီး အောင်မြင်မှုတွေရရှိလာနိုင်ဖို့ ကျွန်ုပ်တို့ မျှော်လင့်လျက်ရှိပါတယ်။ DeKalb ကောင်တီ ကျောင်းသားတစ်ဦးချင်းစီတိုင်း ပညာရေးပိုင်းမှာ အကောင်းဆုံး ထူးချွန်စေဖို့နဲ့ သူတို့ရဲ့ အနာဂါတ် အားထုတ်မှုတွေမှာ အောင်မြင်မှုရရှိစေဖို့ အားသစ်လောင်းခွန်အားပေးနိုင်မယ့် ကျွန်ုပ်တို့ရဲ့ လုပ်ငန်းစဉ်ဆောင်ရွက်မှုတွေကို ကျွန်ုပ်တို့ အတူတကွ အဆက်မပြတ် တိုးမြှင့်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။"

*သင်္ချာခေါင်းဆောင်ဆု* သည် သင်္ချာဘာသာရပ်၌ တမူထူးချွန်သော အောင်မြင်မှု သို့မဟုတ် တိုးတက်မှု ရရှိသော စာသင်ကျောင်းများအား ဂုဏ်ပြုသည့်ဆု ဖြစ်သည်။ DeKalb ကောင်တီတွင် စာသင်ကျောင်း 24 ကျောင်းသည် 2023-2024 ၏ Georgia Milestone Assessments အကဲဖြတ်စစ်ဆေးမှုများတွင် ကျွမ်းကျင်သော သင်ယူသူအဆင့် သို့မဟုတ် ၎င်းထက်မြင့်မားသော အဆင့်အား ရမှတ်ရရှိသည့် ကျောင်းသား ရာခိုင်နှုန်း တိုးမြှင့်လာခဲ့သည့်အတွက် အသိအမှတ်ပြုခံရခြင်း ဖြစ်သည်။ ဤစံနှုန်းသတ်မှတ်ချက်သည် ဂရိတ် ငါးတန်း နှင့် ရှစ်တန်းတွင် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများ၏ အရေးပါမှုအပေါ် အဓိကအာရုံစိုက်ထားခြင်း ဖြစ်ပြီး၊ နိမ့်သော အောင်မြင်မှုအဆင့်များရှိသည့် စာသင်ကျောင်းများတွင် မြင့်မားသော တိုးတက်မှုများ ရှိလာစေဖို့ရန် လိုအပ်သည်။ အထက်တန်းကျောင်းဆုများမှာမူ အက္ခရာသင်္ချာ - အယူအဆများနှင့် ချိတ်ဆက်မှုများ ဘာသာရပ်၏ သင်ရိုးအဆုံးသတ် စာမေးပွဲများပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

| စနစ်အမည် | ကျောင်းအမည် | သင်္ချာခေါင်းဆောင်ဆုများ |
|---|---|---|
| DEKALB ကောင်တီ | WYNBROOKE မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | AUSTIN မူလတန်းကျောင်း | ဂရိတ် 3 တန်း အောင်မြင်ရရှိမှု၊ ဂရိတ် 3 တန်း တိုးတက်မှု၊ ဂရိတ် 4 တန်း အောင်မြင်ရရှိမှု၊ ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | DUNWOODY မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | MUSEUM SCHOOL AVONDALE ESTATES စာသင်ကျောင်း | ဂရိတ် 4 တန်း တိုးတက်မှု၊ ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | KITTREDGE မဂ္ဂနက် စာသင်ကျောင်း | ဂရိတ် 4 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 6 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု |

| | | |
|---|---|---|
| DEKALB ကောင်တီ | WADSWORTH မဂ္ဂနက် စာသင်ကျောင်း | ဂရိတ် 4 တန်း အောင်မြင်ရရှိမှု၊ ဂရိတ် 4 တန်း တိုးတက်မှု၊ ဂရိတ် 6 တန်း အောင်မြင်ရရှိမှု၊ ဂရိတ် 7 တန်း အောင်မြင်ရရှိမှု၊ ဂရိတ် 7 တန်း တိုးတက်မှု၊ ဂရိတ် 8 တန်း ဂိတ်လမ်းကြောင်းပေါ် တမူထူးချွန်သော အောင်မြင်ရရှိမှု၊ HS တမူထူးချွန်သော အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | GLOBE ACADEMY ချာတာကျောင်း | ဂရိတ် 7 တန်း တိုးတက်မှု၊ ဂရိတ် 8 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | TAPESTRY PUBLIC ချာတာကျောင်း | ဂရိတ် 8 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | ROBERT SHAW THEME SCHOOL စာသင်ကျောင်း | ဂရိတ် 3 တန်း တိုးတက်မှု၊ ဂရိတ် 4 တန်း တိုးတက်မှု၊ ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | CHAMBLEE အလယ်တန်းကျောင်း | HS အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | TUCKER အလယ်တန်းကျောင်း | HS အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | DEKALB ELEMENTARY SCHOOL OF THE ARTS မူလတန်းကျောင်း | ဂရိတ် 4 တန်း တိုးတက်မှု၊ ဂရိတ် 8 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | COLUMBIA မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | MCNAIR အလယ်တန်းကျောင်း | ဂရိတ် 8 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ HS အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | LIVSEY မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | WOODWARD မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | JOHN ROBERT LEWIS မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | ASHFORD PARK မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | CHESNUT မူလတန်းကျောင်း | ဂရိတ် 3 တန်း တိုးတက်မှု၊ ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | OAK GROVE မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | BRIAR VISTA မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | LAUREL RIDGE မူလတန်းကျောင်း | ဂရိတ် 3 တန်း တိုးတက်မှု၊ ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | RAINBOW မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | MONTGOMERY မူလတန်းကျောင်း | ဂရိတ် 5 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |

*စာပေခေါင်းဆောင်ဆု* သည် 2023-24 ၌ စာဖတ်ကျွမ်းကျင်မှု သို့မဟုတ် တစ်ဖက်ကမ်းတတ်မြောက်မှုတို့တွင် တမူထူးချွန်သော အောင်မြင်မှု သို့မဟုတ် တိုးတက်မှုကို ပြသနိုင်သော စာသင်ကျောင်းများအား ဂုဏ်ပြုသည့်ဆု ဖြစ်သည်။ DeKalb ကောင်တီတွင် စာသင်ကျောင်း 16 ကျောင်းသည် *စာပေခေါင်းဆောင်များ*အဖြစ် အသိအမှတ်ပြုခံရဖို့ရန် အရည်အချင်းပြည့်မီခဲ့သည်။ ဤစံနှုန်းသတ်မှတ်ချက်သည် မူလတန်းနှင့် အလယ်တန်း စာသင်ကျောင်းများတွင် Georgia Milestones Assessments အကဲဖြတ်စစ်ဆေးမှုများ၌ ကျောင်းသားများ၏ စာဖတ်စွမ်းရည်သည် ဂရိတ်အဆင့်နှင့်အညီ ကိုက်ညီမှု သို့မဟုတ် ဂရိတ်အဆင့်ထက်သာလွန်စွာ ရှိနေမှုတို့အပေါ်တွင် အဓိကအာရုံစိုက်ထားခြင်း ဖြစ်သည်။ အထက်တန်းကျောင်း ဆုများမှာမူ အမေရိကန်စာပေ ဘာသာရပ်၏ သင်ရိုးအဆုံးသတ် စာမေးပွဲများမှ ရလဒ်များအပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

| စနစ်အမည် | ကျောင်းအမည် | စာပေခေါင်းဆောင်ဆုများ |
|---|---|---|
| DEKALB ကောင်တီ | AUSTIN မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် အောင်မြင်ရရှိမှု၊ ဂရိတ် 5 တန်း အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | BARACK H OBAMA မူလတန်း မဂ္ဂနက်ကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | BRIARLAKE မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 5 တန်း တိုးတက်မှု |
| DEKALB ကောင်တီ | BROWNS MILL မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |

| | | |
|---|---|---|
| DEKALB ကောင်တီ | CARY REYNOLDS မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 4 တန်း တိုးတက်မှု |
| DEKALB ကောင်တီ | DEKALB EARLY COLLEGE ACADEMY စာသင်ကျောင်း | HS အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | DEKALB ELEMENTARY SCHOOL OF THE ART မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် အောင်မြင်ရရှိမှု၊ ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 4 တန်း တိုးတက်မှု၊ ဂရိတ် 6 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 7 တန်း အောင်မြင်ရရှိမှု၊ ဂရိတ် 8 တန်း အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | DEKALB SCHOOL OF THE ARTS စာသင်ကျောင်း | HS အောင်မြင်ရရှိမှု |
| DEKALB ကောင်တီ | နိုင်ငံတကာ အသက်မွေးဝမ်းကျောင်းပညာသင် ကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 5 တန်း တိုးတက်မှု |
| DEKALB ကောင်တီ | KITTREDGE မဂ္ဂနက်ကျောင်း | ဂရိတ် 4 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 5 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 6 တန်း ဂိတ်လမ်းကြောင်းပေါ် တမူထူးချွန်သော အောင်မြင်ရရှိမှု၊ |
| DEKALB ကောင်တီ | LAUREL RIDGE မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 5 တန်း တိုးတက်မှု |
| DEKALB ကောင်တီ | LEADERSHIP PREPARATORY ACADEMY စာသင်ကျောင်း | ဂရိတ် 6 တန်း ဂိတ်လမ်းကြောင်းပေါ် အောင်မြင်ရရှိမှု၊ ဂရိတ် 6 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 7 တန်း တိုးတက်မှု၊ ဂရိတ် 8 တန်း တိုးတက်မှု |
| DEKALB ကောင်တီ | PRINCETON မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | ROBERT SHAW THEME SCHOOL စာသင်ကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် အောင်မြင်ရရှိမှု၊ ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု၊ ဂရိတ် 4 တန်း တိုးတက်မှု |
| DEKALB ကောင်တီ | SHADOW ROCK မူလတန်းကျောင်း | ဂရိတ် 3 တန်း ဂိတ်လမ်းကြောင်းပေါ် တိုးတက်မှု |
| DEKALB ကောင်တီ | WADSWORTH မဂ္ဂနက်ကျောင်း | ဂရိတ် 4 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 5 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 6 တန်း ဂိတ်လမ်းကြောင်းပေါ် တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 7 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု၊ ဂရိတ် 8 တန်း တမူထူးချွန်သော အောင်မြင်ရရှိမှု |

ပြည်နယ်တစ်ဝှမ်းတွင် စာသင်ကျောင်း 624 ကျောင်းသည် သင်္ချာဘာသာရပ် ခေါင်းဆောင်များအဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး၊ စာသင်ကျောင်း 324 ကျောင်းသည် စာပေခေါင်းဆောင်များအဖြစ် ဂုဏ်ပြုခံခဲ့ရသည်။

ပြည်နယ်စာသင်ကျောင်းဆိုင်ရာ ကြီးကြပ်သူဌာနမှူး Richard Woods သည် Georgia ၏ ပထမဆုံးသော သင်္ချာခေါင်းဆောင် နှင့် စာပေဘာသာရပ်ခေါင်းဆောင် စာသင်ကျောင်းများအား ၎င်းတို့၏ ထူးချွန်သော လုပ်ဆောင်မှုများနှင့် အောင်မြင်မှုများအတွက် ဂုဏ်ပြုခဲ့သည်။ ၎င်းမှ အဆိုပါစာသင်ကျောင်းများအား "အသစ်သော K-12 သင်္ချာဘာသာရပ် စံသတ်မှတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပေးသူ" နှင့် "စာပေပိုင်းဆိုင်ရာ သိသာထင်ရှားသော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်သူ" အဖြစ် မှတ်ချက်ပြုခဲ့သည်။

**သင်္ချာခေါင်းဆောင်များ -** ပြည်နယ်တစ်ဝှမ်းမှ 2023-2024 သင်္ချာခေါင်းဆောင် စာသင်ကျောင်းများ၏ စာရင်းအပြည့်အစုံ နှင့် 2023-2024 သင်္ချာခေါင်းဆောင် စံသတ်မှတ်ချက်များ2023-2024 သင်္ချာခေါင်းဆောင် စံသတ်မှတ်ချက်များတို့အား ကြည့်ရှုလိုပါက အောက်ပါလင့်ခ်များအား ကလစ်နှိပ်ပါ။

**စာပေခေါင်းဆောင်များ -** ပြည်နယ်တစ်ဝှမ်းမှ 2023-2024 စာပေခေါင်းဆောင် စာသင်ကျောင်းများ ၏ စာရင်းအပြည့်အစုံ နှင့် 2023-2024 စာပေခေါင်းဆောင် စံသတ်မှတ်ချက်များတို့အား ကြည့်ရှုလိုပါက အောက်ပါလင့်ခ်များအား ကလစ်နှိပ်ပါ။

XXX